# အာရက္ခတပ်တော်၏
# အောင်မြင်မှုကို လေ့လာခြင်း

**ရေးသားသူ - R. Lakher**




R. Lakher သည် အိန္ဒိယနိုင်ငံ Kautilya School of Public Policy မှ ပြည်သူ့မူဝါဒ မဟာဘွဲ့ရရှိထားပြီး လက်ရှိတွင် မြန်မာ့နိုင်ငံရေးနှင့် လုံခြုံရေးဆိုင်ရာ ဆောင်းပါးများကို ရေးသားလျက်ရှိပါသည်။

## နိဒါန်း

အာရက္ခတပ်တော် (Arakan Army-AA) ၏ (၁၇) နှစ်ကြာ တော်လှန်ရေးခရီးစဉ်သည် မိမိတို့၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် (self-determination)၊ တန်းတူညီမျှမှု (equality) နှင့် ဖက်ဒရယ်ဒီမိုကရေစီစနစ် (federal democracy)ကိုရရှိရန် တိုက်ပွဲဝင်နေကြသော မြန်မာနိုင်ငံရှိ တော်လှန်ရေးလက်နက်ကိုင်အဖွဲ့အစည်းများအနက် အထင်ရှားဆုံးနှင့် အောင်မြင်မှုအများဆုံး ဖြစ်ရပ်တစ်ခုအဖြစ် ထင်ရှားနေသည်။

နှစ်များတစ်လျှောက်တွင် AA သည် စစ်ရေးနှင့် နိုင်ငံရေးအောင်မြင်မှုများကိုသာ မဟုတ်ဘဲ၊ မြန်မာနိုင်ငံအတွင်းနှင့် အခြားဒေသများတွင် အလားတူ ရည်မှန်းချက်များကို အကောင်အထည် ဖော်နေသော စစ်အာဏာရှင်အောက်မှ လွတ်မြောက်ရေးလှုပ်ရှားမှုများအတွက် ခွန်အားနှင့် အဖိုးတန်သင်ခန်းစာများကိုလည်း ပေးနိုင်ခဲ့သည်။ ထို့ကြောင့် AA ၏ တော်လှန်ရေးနည်းလမ်းများနှင့် အုပ်ချုပ်ရေးတည်ဆောက်မှုဆိုင်ရာ ချဉ်းကပ်ပုံများကို လေ့လာနားလည်ခြင်းသည် ကမ္ဘာတစ်ဝန်း လွတ်လပ်မှုနှင့် တရားမျှတမှုအတွက် ကြိုးပမ်းနေသူများအတွက် အရေးပါသော သင်ခန်းစာများကို ပေးနိုင်မည်ဖြစ်သည်။

ဤဆောင်းပါးတွင် အာရက္ခတပ်တော်၏ ကြံ့ခိုင်မှု၊ အင်အားနှင့် အောင်မြင်မှုတို့ကို ဖြစ်ပေါ်စေသည့် အဓိကအချက်များကို လေ့လာသုံးသပ်ထားပြီး၊ အကြံပြုချက်တချို့ကိုလည်း ထည့်သွင်းထားသည်။

### အောင်မြင်မှုအတွက် အုတ်မြစ်ဖြစ်ခဲ့သော ခေါင်းဆောင်မှု

သမိုင်းတစ်လျှောက် အာရက္ခဒေသတွင် လွတ်မြောက်ရေးလှုပ်ရှားမှုများစွာ ပေါ်ပေါက်ခဲ့သော်လည်း ယနေ့ အာရက္ခတပ်တော်ရရှိထားသည့် အောင်မြင်မှုအတိုင်းအတာကို မည်သည့်အဖွဲ့မျှ မရရှိခဲ့ပေ။

ယခင်လှုပ်ရှားမှုများ၏ အဓိကအားနည်းချက်မှာ ခေါင်းဆောင်များအနေဖြင့် အာရက္ခပြည်သူများအားလုံးကို စည်းလုံးညီညွတ်စွာ စုစည်းနိုင်ခြင်း၊ ရှိပြီးသား အရင်းအမြစ်များကို ထိရောက်စွာ စုစည်းအသုံးချနိုင်ခြင်းနှင့် ရေရှည်တော်လှန်ရေးကို ထိန်းသိမ်းနိုင်မည့် စနစ်တကျ ဖွဲ့စည်းထားသော အမျိုးသားလှုပ်ရှားမှုတစ်ရပ်ကို တည်ဆောက်နိုင်ခြင်း မရှိခဲ့ခြင်းတို့ ဖြစ်သည်။

အာရက္ခတပ်တော်၏ ခေါင်းဆောင် ဗိုလ်ချုပ်ထွန်းမြတ်နိုင်သည် ရှေ့မြင်နိုင်စွမ်းရှိသော (Visionary)၊ ဂုဏ်သိက္ခာရှိပြီး သမာသမတ်ကျသော (Integrity)နှင့် ဉာဏ်ပညာပြည့်ဝသော ခေါင်းဆောင်တစ်ဦးအဖြစ် ထင်ရှားသည်။ တစ်ချိန်က မြန်မာနိုင်ငံရှိ တော်လှန်ရေးခေါင်းဆောင်အချို့သည် တော်လှန်ရေးကို အပြည့်အဝအာရုံမစိုက်ဘဲ သက်တောင့်သက်သာဘဝ၊ ပျော်ရွှင်မှုနှင့် ဇိမ်ခံဘဝတို့တွင် အချိန်ကုန်လွန်နေကြကြောင်း ပွင့်လင်းစွာ ဝေဖန်ခဲ့ဖူးသည်။ ထိုပြောကြားချက်အရ သူကိုယ်တိုင်သည် ပုဂ္ဂိုလ်ရေး အဆင်ပြေသက်သာချောင်ချိရေးကို ရှောင်ကြဉ်ကာ အနစ်နာခံမှု များပြားသောဘဝကို ရွေးချယ်ထားကြောင်း တွေ့မြင်နိုင်သည်။

ထို့အပြင် ၎င်းသည် မိမိ၏ စစ်သည်များနှင့် ပြည်သူများကို မည်သည့်ပန်းတိုင်သို့ ဦးတည်သွားရမည်ကို ရှင်းလင်းပြတ်သားစွာ ဖော်ပြပေးနိုင်သော ခေါင်းဆောင်တစ်ဦးဖြစ်သည်။ ထိုရည်မှန်းချက်၏ ရှင်းလင်းမှုသည် ယနေ့အေအေတပ်ဖွဲ့ဝင်များနှင့် ထောက်ခံအားပေးနေသော ပြည်သူများအကြား စည်းလုံးညီညွတ်မှု၊ ယုံကြည်မှုနှင့် သစ္စာစောင့်သိမှုကို ပိုမိုခိုင်မာစေခဲ့သည်။ အလက်ဇန္ဒား ဒဂိတ်ရှ် (Alexander the Great) ၏ နာမည်ကျော်စကားတစ်ခုတွင် “ခြင်္သေ့တစ်ကောင် ဦးဆောင်သော သိုးတပ်သည် သိုးတစ်ကောင် ဦးဆောင်သော ခြင်္သေ့တပ်ကို အနိုင်ယူနိုင်သည်” ဟု ဆိုထားသည်။ ထိုအဆိုကဲ့သို့ အာရက္ခတပ်တော်၏ အင်အားအကြီးဆုံးအရင်းအမြစ်မှာ ၎င်း၏ ခိုင်မာပြီး အမြော်အမြင်ရှိသော ခေါင်းဆောင်မှုဖြစ်သည်ဟု ဆိုနိုင်သည်။

## စနစ်တကျသော တပ်ဖွဲ့စည်းမှု၊ စည်းကမ်း နှင့် ကတိကဝတ်များ

အမေရိကန် စစ်ဗိုလ်ချုပ် Robert H. Barrow က “စစ်ပွဲတစ်ပွဲ၏ အောင်မြင်မှုသည် စစ်သား အရေအတွက်ပေါ်တွင် မမူတည်ဘဲ၊ ထိုစစ်သားများ၏ အရည်အသွေးပေါ်တွင်သာ မူတည်သည်” ဟုဆိုခဲ့သည်။ ခိုင်မာသော ခေါင်းဆောင်တစ်ဦး၏ ဦးဆောင်မှုအောက်တွင် အေအေ၏စစ်သည်များသည် စည်းကမ်းရှိရုံသာမက မိမိတို့၏ သမိုင်းကြောင်းဂုဏ်သိက္ခာနှင့် လွတ်မြောက်မှုကို ပြန်လည်ရယူလိုသော ပြင်းပြသောစိတ်ဆန္ဒဖြင့်လည်း ပြည့်နှက်နေကြသည်။ အေအေသည် စစ်ရေးလေ့ကျင့်မှု၊ လက်နက်တပ်ဆင်မှုတို့ကိုလည်း အထူးကောင်းမွန်စွာ ပြင်ဆင်ထားသည့်အပြင် စစ်သည်တော်များ၏ စိတ်ဓာတ်၊ ယုံကြည်ချက်နှင့် တိုက်ပွဲဝင်လိုစိတ်တို့တွင်လည်း ထူးခြားစွာ အားကောင်းသည်။ တပ်ဖွဲ့ဝင်အများစုသည်လည်း ကိုယ်ခန္ဓာဖွံ့ဖြိုးမှုအရ သန်မာကြံ့ခိုင်ကြသည်ဟု တွေ့မြင်ရသည်။ အေအေတွင် ကချင်ပြည်နှင့် ရှမ်းပြည်တို့၌ (၁၅) နှစ်ကျော် တိုက်ပွဲအတွေ့အကြုံရှိသော တပ်မှူးများနှင့် စစ်သည်များ ပါဝင်နေပြီး၊ ထိုအတွေ့အကြုံများသည်လည်း တပ်၏ စစ်ရေးစွမ်းရည်ကို ပိုမိုခိုင်မာစေခဲ့သည်။ ထို့အပြင် အေအေ ၏ အမိန့်ပေးထိန်းချုပ်မှု (Command and Control) စနစ်သည် ရှင်းလင်းတိကျပြီး စနစ်တကျ ဖွဲ့စည်းထားသည်။ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို အဆင့်လိုက် သေချာသတ်မှတ်ထားခြင်းကြောင့် စစ်ဆင်ရေးများကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်သည်။

အရေးကြီးဆုံးမှာ AA ၏ တပ်ဖွဲ့ဝင်များသည် စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာတို့တွင် မြင့်မားသော စစ်ရေးစိတ်ဓာတ်ဖြင့် ရပ်တည်နေကြပြီး၊ မိမိတို့၏ ရည်မှန်းချက်များ အောင်မြင်ရေးအတွက် မည်သည့်အနစ်နာခံမှုကိုမဆို လက်ခံပေးဆပ်ရန် အသင့်ရှိနေကြသည်။ စိတ်ဓာတ်ရေးရာ (psychological dimension) အရကြည့်လျှင် ဤအချက်သည် အေအေအား မြန်မာစစ်တပ်ထက် အားသာစေသော အရေးကြီးသည့် အားသာချက်တစ်ရပ်ဖြစ်သည်။ စစ်ရေးတွင် အောင်မြင်မှုကို ဆုံးဖြတ်ပေးသည့်အရာသည် လက်နက်အင်အား၊ လူအင်အားသာ မဟုတ်ဘဲ၊ တိုက်ပွဲဝင်လိုစိတ်၊ ယုံကြည်ချက်နှင့် အနစ်နာခံလိုစိတ်တို့လည်း ဖြစ်ကြောင်း AA ၏ အတွေ့အကြုံက ဖော်ပြနေသည်။

## သမိုင်းကြောင်းဆိုင်ရာ အမျိုးသားရေးဂုဏ်သိက္ခာကို ထူထောင်လိုစိတ်

လူမည်းအမျိုးသားရေးခေါင်းဆောင် Marcus Garvey က “မိမိတို့၏ သမိုင်း၊ မူလအစနှင့် ယဉ်ကျေးမှုကို မသိသောလူမျိုးတစ်မျိုးသည် အမြစ်မရှိသော သစ်ပင်တစ်ပင်နှင့် တူသည်” ဟု ဆို

ခဲ့သည်။ လူမျိုးတစ်မျိုး၏ သမိုင်းနှင့် ယဉ်ကျေးမှုအမွေအနှစ်များသည် ထိုလူမျိုး၏ သတ္တိ၊ စိတ်ဓာတ်ကြံ့ခိုင်မှုနှင့် ရေရှည်ရပ်တည်နိုင်စွမ်းတို့အတွက် အခြေခံအုတ်မြစ်ဖြစ်သည်။ အာရက္ခ လွတ်မြောက်ရေး တော်လှန်ရေးသည် ရခိုင်လူမျိုးတို့၏ ယခင်က ထွန်းကားခဲ့သော နိုင်ငံတော်များ၊ ယဉ်ကျေးမှု၊ စာပေ၊ ဘာသာရေးနှင့် သမိုင်းဝင်ဂုဏ်သိက္ခာတို့အပေါ် အခြေခံ၍ တည်ဆောက်ထားခြင်းဖြစ်သည်။ အေအေ၏ စစ်သည်များသာမက အာရက္ခပြည်သူအများစုသည်လည်း မိမိတို့၏ သမိုင်းတစ်ခေတ်က နိုင်ငံတော်၊ စာပေ၊ ယဉ်ကျေးမှုနှင့် ဘာသာရေးအမွေအနှစ်များကို ဂုဏ်ယူစွာ ပြောဆိုလေ့ရှိကြသည်။

သို့ရာတွင် အဆိုပါနိုင်ငံတော်များနှင့် ယဉ်ကျေးမှုအမွေအနှစ်များသည် မြန်မာဘုရင်များနှင့် အစိုးရအဆက်ဆက်၏ အုပ်ချုပ်မှုအောက်တွင် တဖြည်းဖြည်း ပျက်စီးဆုံးရှုံးခဲ့ပြီး၊ နောက်ဆုံးတွင် ပေါင်းစည်းသိမ်းပိုက်ခံခဲ့ရသည်ဟု အာရက္ခလူမျိုးအများစုက ယုံကြည်ကြသည်။ ဤသမိုင်းဝင်အမွေအနှစ်များ ဆုံးရှုံးခဲ့ရခြင်းသည် အေအေ စစ်သည်အများအပြားအတွက် မိမိတို့၏ ဇာတိမြေ၊ အမျိုးသားဂုဏ်သိက္ခာနှင့် သမိုင်းအမွေအနှစ်ကို ပြန်လည်ရယူလိုသော ပြင်းပြသော စိတ်ဆန္ဒကို ဖြစ်ပေါ်စေခဲ့သည်။ ထို့အပြင် အချို့က ယနေ့တော်လှန်ရေးကို အတိတ်က မတရားမှုများအတွက် တုံ့ပြန်ခြင်းနှင့် သမိုင်းတရားမျှတမှုကို ပြန်လည်ရရှိစေရန် ကြိုးပမ်းခြင်းအဖြစ်လည်း ရှုမြင်ကြသည်။

အခြားတိုင်းရင်းသားလူမျိုးများဖြစ်သော ချင်း၊ ကချင် စသည့် လူမျိုးများတွင်လည်း ကိုယ်ပိုင်သမိုင်းနှင့် ယဉ်ကျေးမှုများ ရှိကြသော်လည်း၊ အာရက္ခလူမျိုးများကဲ့သို့ နှစ်ပေါင်းထောင်ချီသော ဘုရင့်နိုင်ငံတော်သမိုင်းနှင့် အင်အားကြီးသော နိုင်ငံရေးအမွေအနှစ်ကို အခြေခံ၍ တော်လှန်ရေးကို တည်ဆောက်ထားခြင်းမှာ ကွဲပြားမှုတစ်ရပ်ဖြစ်သည်ဟု အေအေထောက်ခံသူများက ရှုမြင်ကြသည်။ ထိုသမိုင်းဝင်အမွေအနှစ်သည် အာရက္ခပြည်သူများအတွက် စွန့်လွှတ်အနစ်နာခံမှုများကို အဓိပ္ပါယ်ရှိစေပြီး၊ တော်လှန်ရေးကို ဆက်လက်ထောက်ခံရန် စိတ်ဓာတ်ခွန်အားတစ်ရပ်အဖြစ် လုပ်ဆောင်ပေးခဲ့သည်။ ထို့ကြောင့် အာရက္ခပြည်သူများအကြား မိမိတို့၏ သမိုင်းဝင်ဂုဏ်သိက္ခာနှင့် အမျိုးသားအမွေအနှစ်အပေါ် နားလည်သဘောပေါက်မှုသည် အာရက္ခတပ်တော်၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အတွက် ကြိုးပမ်းမှုကို ရေရှည်တည်တံ့ခိုင်မြဲစွာ ထောက်ခံလာစေသည့် အရေးပါသော အချက်တစ်ရပ်ဖြစ်ခဲ့သည်။

## အခွင့်အရေးကို မဟာဗျူဟာကျ ဖမ်းဆုတ်နိုင်ခြင်း

တော်လှန်ရေးအစောပိုင်းကာလများတွင် မြန်မာစစ်တပ်သည် စစ်အင်အား၊ လက်နက်အင်အားနှင့် အရင်းအမြစ်များတွင် သိသာထင်ရှားစွာ အသာစီးရရှိထားသောကြောင့် အသစ်ပေါ်ပေါက်လာသော လက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများကို အင်အားအလုံးအရင်းဖြင့် တန်ပြန်စစ်ဆင်ရေးများ ပြုလုပ်ကာ အလွယ်တကူ ဖိနှိပ်နိုင်ခဲ့သည်။

သို့ရာတွင် ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှုနောက်ပိုင်း၊ နိုင်ငံတစ်ဝန်း၌ တော်လှန်ရေးလက်နက်ကိုင်အဖွဲ့အစည်း ရာနှင့်ချီ ပေါ်ပေါက်လာပြီးနောက် တိုက်ပွဲမျက်နှာစာများစွာ တစ်ပြိုင်နက်တည်း

ဖွင့်လှစ်လာခြင်းတို့သည် အေအေအတွက် မဟာဗျူဟာမြောက် အခွင့်အရေးတစ်ရပ် ဖြစ်လာခဲ့သည်။ ထိုအခြေအနေကို အသုံးချ၍ အေအေသည် မိမိ၏တပ်ဖွဲ့ကို ယခင်ထက် ပိုမိုတိုးချဲ့တည်ဆောက်နိုင်ခဲ့ပြီး၊ တပ်သားသစ်များ စုဆောင်းခြင်း၊ လက်နက်နှင့် ခဲယမ်းမီးကျောက်များ သိုလှောင်စုဆောင်းခြင်းတို့ကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ခဲ့သည်။ ထို့အပြင် ယခင်က ကချင်ပြည်တွင် အခြေစိုက်ခဲ့သော အဓိကစစ်ဌာနချုပ်ကို ရခိုင်ပြည်အတွင်းသို့ ပြောင်းရွှေ့နိုင်ခဲ့သည်။ သို့ရာတွင် ယနေ့အချိန်အထိ ရခိုင်ပြည်အတွင်းရှိ အေအေ၏ ဗဟိုဌာနချုပ်တည်နေရာကို ပြင်ပက အတိအကျ မသိရှိနိုင်သေးပေ။ စစ်ရေးဆိုင်ရာ သတင်းအချက်အလက်များကို လျှို့ဝှက်စွာ ထိန်းသိမ်းနိုင်ခြင်းသည် အေအေ၏ ထင်ရှားသော အားသာချက်များထဲမှ တစ်ခုဖြစ်သည်ဟု ဆိုနိုင်သည်။

အဆိုပါ မဟာဗျူဟာမြောက် အခွင့်အရေးများကို အကျိုးရှိစွာ အသုံးချနိုင်ခဲ့ခြင်းကြောင့် အေအေသည် ယနေ့တွင် မိမိ၏ နယ်မြေအများစုကို ထိန်းချုပ်နိုင်ရုံသာမက၊ မဟာမိတ်တပ်ဖွဲ့များနှင့် ပူးပေါင်း၍ ချင်းပြည်တောင်ပိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင်လည်း မဟာမိတ်နယ်မြေ (alliance zones) များကို တည်ဆောက်နိုင်ခဲ့သည်။ ထို့အပြင် မဟာဗျူဟာအရ အရေးပါသော နေရာများကို ကြိုတင်ထိန်းချုပ်ထားနိုင်ခြင်းကြောင့် မြန်မာစစ်တပ်အနေဖြင့် ရခိုင်နယ်မြေအတွင်းသို့ တိုက်ရိုက်ဝင်ရောက်ရန် မလွယ်ကူတော့ပေ။ AA နှင့် ထိပ်တိုက်ရင်ဆိုင်ရမည့် အစား၊ ရခိုင်ပြည်သို့ မရောက်မီ အခြားတော်လှန်ရေးအင်အားစုများ ထိန်းချုပ်ထားသော နယ်မြေများကို ဦးစွာ ဖြတ်ကျော်ရမည့် အခြေအနေကို ရင်ဆိုင်နေရသည်။

ထို့ကြောင့် မြန်မာစစ်တပ်အတွက် ရခိုင်ဒေသအတွင်း စစ်အင်အားအများအပြား ထိုးဖောက်ပို့ဆောင်ရန် အလွန်ခက်ခဲလာခဲ့ပြီး၊ လေကြောင်းတိုက်ခိုက်မှုများသည်သာ အဓိကအားထားရသော စစ်ဆင်ရေး နည်းလမ်းတစ်ရပ်အဖြစ် ကျန်ရှိလာခဲ့သည်။ လက်ရှိအချိန်တွင် စစ်တွေ၊ ကျောက်ဖြူနှင့် မာန်အောင်မြို့နယ် သုံးခုသာ အေအေ၏ ထိန်းချုပ်မှုအောက်သို့ မရောက်ရှိသေးကြောင်း တွေ့ရသည်။ အေအေ၏ ခေါင်းဆောင်ပိုင်းကလည်း ၂၀၂၇ ခုနှစ် မကုန်မီ အဆိုပါမြို့နယ်များကို ထိန်းချုပ်နိုင်ရန် ရည်မှန်းထားကြောင်း ထုတ်ဖော်ပြောဆိုခဲ့ပြီး၊ ယင်းထက်ကျော်လွန်ပါကလည်း ရေအဆုံးမြေအဆုံးတိုက်ခိုက်သွားမည်ဟု ဆိုထားသည်။ ယနေ့တွင်လည်း အေအေသည် ထိုးစစ်ဆင်တိုက်ခိုက်မှုများကို ဆက်လက်ဆောင်ရွက်နေပြီး၊ စစ်ရေးအရ မြန်မာစစ်တပ်အပေါ် အသာစီးရရှိထားသည့် အခြေအနေကို ထိန်းသိမ်းထားနိုင်ကြောင်း တွေ့မြင်ရသည်။

## ကြီးမားသော စွန့်လွှတ်မှုများမှသည် အောင်မြင်မှုဆီသို့

"No Pain, No Gain" ဟူသော ဆိုရိုးစကားအတိုင်း အေအေသည် ယနေ့ရောက်ရှိနေသော အောင်မြင်မှုအဆင့်သို့ ရောက်ရှိလာရန် ကြီးမားသော စွန့်လွှတ်အနစ်နာခံမှုများနှင့် အဖိုးတန် အသက်ပေါင်းများစွာကို ပေးဆပ်ခဲ့ရသည်။ အေအေ၏ ခေါင်းဆောင် ဗိုလ်ချုပ်ထွန်းမြတ်နိုင်က ဧရာဝတီသတင်းဌာန (the Irrawaddy) နှင့် တွေ့ဆုံစဉ် "သိကြားမင်း ကိုယ်တိုင် လာတားရင်တောင် ကျွန်တော်တို့ရဲ့ ထိုးစစ်အရှိန်ကို ရပ်တန့်မှာ မဟုတ်ဘူး" ဟု ပြောကြားခဲ့ဖူးသည်။ ထိုပြောကြားချက်က အေအေအနေဖြင့် နိုင်ငံရေးနှင့် စစ်ရေးရည်မှန်းချက်များကို ဆက်လက်အကောင်အထည်ဖော်ရာတွင် မည်သည့်ဖိအားမျိုးကိုမဆို အလွယ်တကူ လက်ခံမည်မဟုတ်ကြောင်း ဖော်ပြနေသည်။

ယနေ့အခြေအနေတွင်လည်း တချို့သော ဒေသတွင်းနိုင်ငံကြီးများအနေဖြင့် မြန်မာနိုင်ငံရှိ တခြားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့အပေါ် ဖိအားပေးခဲ့သည့် ဥပမာများ ရှိသည်။ တဖက်တွင် အေအေသည် အဆိုပါ နိုင်ငံများအားလုံးနှင့် မိတ်ဝက်မပျက် အကျိုးစီးပွါးချင်း ဆက်နွယ်ကာ နှစ်ဦးနှစ်ဖက် အကျိုးရှိမည့် ဆက်ဆံရေးကို တည်ဆောက်လိုပုံရသည်။ "အခွင့်အရေးသည် ဇွဲလုံ့လရှိသူ၊ မဆုတ်မနစ် ကြိုးစားသူနှင့် အရှုံးမပေးသူတို့ကိုသာ မျက်နှာသာပေးသည်" ဟူသော ဆိုရိုးစကားနှင့်အညီ အေအေသည် နှစ်ပေါင်းများစွာ မယိမ်းယိုင်သော ဇွဲလုံ့လနှင့် အနစ်နာခံမှုများဖြင့် ကြိုးပမ်းခဲ့ရာ ယနေ့တွင် မိမိတို့၏ ရည်မှန်းချက်များ အကောင်အထည်ပေါ်လာရန် အနီးကပ်ဆုံး အခြေအနေသို့ ရောက်ရှိလာပြီဟု ဆိုနိုင်သည်။

## နိဂုံး

လက်ရှိကာလတွင် မြန်မာစစ်တပ်သည် စစ်ရေးအရ ရှုံးနိမ့်ထားသောကြောင့် အေအေကို အဓိကရန်သူအဖြစ်မှတ်၍ တပ်သားနှင့် လက်နက်အင်အား အမြောက်အများသုံးကာ ဘက်ပေါင်းစုံမှ ထိုးစစ်ဆင်တိုက်ခိုက်ရန် ကြိုးပမ်းနေပေသည်။ တဖက်တွင် အေအေအား အဓိက အရေးကြီးသည့် အင်အားစုတစ်ခုအဖြစ် ယူဆထားသည့် အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နှင့် တရုတ်နိုင်ငံတို့သည် ၄င်းတို့၏ မဟာဗျူဟာမြောက်အရေးပါသည့် ပထဝီနိုင်ငံရေး အကျိုးစီးပွါးများကြောင့် အနီးကပ် စောင့်ကြည့်နေပေသည်။ ထို့အပြင် အနောက်နိုင်ငံများကလည်း အေအေ၏ ဖြစ်ပေါ်တိုးတက်မှုနှင့် အခန်းကဏ္ဍကို အနီးကပ် စောင့်ကြည့်လျက်ရှိပြီး ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ရှာဖွေနေကြသည်။ တဖက်တွင် အေအေ၏ အောင်မြင်မှုကို မလိုလားသည့် နိုင်ငံရေးအင်အားစုများထဲတွင် မြန်မာစစ်အုပ်စုအပြင် တခြားသော အဖွဲ့အစည်းများ၊ အုပ်စုများလည်း ရှိနေကြောင်း သတိချပ်သင့်ပေသည်။

အေအေ၏ တိုးတက်မှု၊ အောင်မြင်မှုသည် အာရက္ခပြည်သူများအတွက်သာမက မြန်မာနိုင်ငံတစ်ဝန်းရှိ ဒီမိုကရေစီနှင့် လွတ်လပ်ရေးကို မျှော်လင့်နေသည့် ပြည်သူတစ်ရပ်လုံးအတွက်လည်း မျှော်လင့်ချက်အသစ်တစ်ရပ်ကို ဖန်တီးပေးခဲ့သည်။ အာရက္ခဒေသ အလုံးစုံလွတ်မြောက်လာပါက မြန်မာနိုင်ငံ၏ တော်လှန်ရေးများအတွက်လည်း ကြီးမားသော သက်ရောက်မှုများ ရှိလာနိုင်ပေသည်။

ထို့ကြောင့် လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် ဒီမိုကရေစီတန်ဖိုးများကို အားပေးထောက်ခံသည့် နိုင်ငံတကာအသိုက်အဝန်းနှင့် မြန်မာနိုင်ငံ၏ အနာဂတ်နိုင်ငံရေးအပြောင်းအလဲကို စိတ်ဝင်စားသော သက်ဆိုင်သူများအနေဖြင့် အာရက္ခလွတ်မြောက်ရေးလှုပ်ရှားမှု၏ မဟာဗျူဟာမြောက် အရေးပါမှုနှင့် မြန်မာနိုင်ငံ၏ အနာဂတ်အပေါ် သက်ရောက်နိုင်မည့် အခန်းကဏ္ဍကို အလေးအနက် ထည့်သွင်းစဉ်းစားသင့်သည်။

## ရည်ညွှန်း


1. Kazianis, H. J. (2026, August 8). *Military quote of the day by Alexander the Great: "I am not afraid of an army of lions led by a sheep; I am afraid of an army of sheep led by a lion."* 19FortyFive. https://www.19fortyfive.com/2026/08/military-quote-of-the-day-by-alexander-the-great-i-am-not-afraid-of-an-army-of-lions-led-by-a-sheep-i-am-afraid-of-an-army-of-sheep-led-by-a-lion/

2. Campbell, W. (2023, August 18). *People without knowledge of their past is like a tree without root*. St. Vincent Times. https://www.stvincenttimes.com/people-without-knowledge-of-their-past-is-like-a-tree-without-root/

3. Leider, J. P. (2022). The Arakan Army, Rakhine State and the promise of Arakan's independence (Policy Brief Series No. 128). Torkel Opsahl Academic EPublisher. (PDF) The Arakan Army, Rakhine State, and the Promise of Arakan's Independence

4. Davies, J. T., & Oung, H. (2026, March 16). *Decentralisation by force: The United League of Arakan/Arakan Army's expansion in western Myanmar.* ANU Myanmar Research Centre https://myanmar.anu.edu.au/research/decentralisation-force-united-league-arakan-arakan-armys-expansion-western-myanmar?

## အာရက္ခရေးရာကိစ္စရပ်များအား စိတ်ပါဝင်စားသူများ သုတေသနဆောင်းပါးများ ပေးပို့နိုင်ရန် ဖိတ်ခေါ်ခြင်း။

အာရက္ခရေးရာကိစ္စရပ်များအား စိတ်ပါဝင်စားသူများအနေဖြင့် သုတေသနဆောင်းပါးများ ပေးပို့နိုင်ရန် ဖိတ်ခေါ်ခြင်းအစီအစဉ်သည် အာရက္ခပြည်တွင်းနှင့် ပြင်ပရှိ လူငယ်များ၏ အမြင်နှင့် အသံကို အလေးထားကာ လူငယ်များ၏ သုတေသနပြုခြင်းနှင့် အရေးအသားစွမ်းရည်လေ့ကျင့်ခြင်းကို ထောက်ပံ့အားပေးလိုသည့် ရည်ရွယ်ချက်ဖြင့် အာရက္ခလေ့လာရေးစင်တာက အစပျိုးဆောင်ရွက်ခြင်း ဖြစ်ပါသည်။

**ယခုအစီအစဉ်တွင် ရွေးချယ်ဖော်ပြခံရသည့် ဆောင်းပါးများသည် အာရက္ခလေ့လာရေးစင်တာ၏ အာဘော်မဟုတ်ဘဲ စာရေးသူတစ်ဦးချင်းစီ၏ ကိုယ်ပိုင်ရေးသားတင်ပြချက်များ ဖြစ်ပါသည်။**

အစီအစဉ် အသေးစိတ်

### အာရက္ခလေ့လာရေးစင်တာအကြောင်း

အာရက္ခလေ့လာရေးစင်တာသည် ဂျာနယ်လစ်များ၊ နိုင်ငံရေးလေ့လာသုံးသပ်သူများ၊ သုတေသီများနှင့် လူမှုရေးလုပ်သားများ မှ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလတွင် ဖွဲ့စည်းတည်ထောင်ထားသော လွတ်လပ်ပြီး ပါတီစွဲမဟုတ်သော သုတေသနအဖွဲ့အစည်း တစ်ခုဖြစ်သည်။ စင်တာသည် ရက္ခိုင်ပြည်ရှိ လူ့အခွင့်အရေးအခြေအနေ၊ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ အရွေ့များအပြင် မြန်မာနိုင်ငံနှင့် ပြင်ပမှ ရက္ခိုင်အရေးနှင့် ပတ်သက်သည့် ကိစ္စရပ်များကို တိကျသေချာစွာ သုတေသနစာတမ်းများ ထုတ်ဝေခြင်းဖြင့် ရက္ခိုင်အရေးနားလည်မှုများကို မြှင့်တင်ပေးရန် ရည်ရွယ်ပါသည်။ စင်တာသည် ရက္ခိုင်အရေးနှင့်ဆက်စပ်သည့် အကြောင်းအရာများ၏ မူဝါဒအကျဉ်းချုပ်ရေးသားချက်များနှင့်အတူ လစဉ်အစီရင်ခံစာများကို ၎င်း၏ဝဘ်ဆိုဒ်နှင့် အမျိုးမျိုးသော စာစောင်များမှတဆင့် ထုတ်ဝေပါသည်။

©၂၀၂၄ အာရက္ခပြည်။

ဆက်သွယ်ရန် – info@arakanstudies.org၊ www.arakanstudies.org